**Ministry Of Sports And Youth Affairs**
**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**
**သတင်းလွှာ**

Monthly Newsletter Volume 4, No.1 January 2026

# ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)၊ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအားတက်ရောက်ကြည့်ရှုအားပေး





နေပြည်တော်၊ ဇန်နဝါရီလ ၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များနှင့် လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့ နံနက် (၇) နာရီမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေး ကွင်းအမှတ်(၃)နှင့်(၄)တို့၌ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ် များနှင့် အရာထမ်း/အမှုထမ်းများ၊ အားကစားဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေးကွင်း အမှတ် (၃) ၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။ လွန်ဆွဲ (အမျိုးသမီး) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းက ဥပဒေရေးရာရေးရာဝန်ကြီးဌာနအသင်းကို (၂) ပွဲပြတ်ဖြင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ် ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို (၂) ပွဲ (၁) ပွဲဖြင့် လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

လွန်ဆွဲ (အမျိုးသား)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များတွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို (၂) ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေ့ကျင့်ရေး ကွင်းအမှတ် (၄) ၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး) ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များတွင် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို (၆၇) မှတ် (၁) မှတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို (၆၁) မှတ် (၀) မှတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အသင်းကို (၁၀) မှတ်၊ (၈) မှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို (၃၄) မှတ်၊ (၁၂) မှတ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော်မာရသွန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုများအား လိုက်လံကြည့်ရှုအားပေး





နေပြည်တော်၊ ဇန်နဝါရီလ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် မာရသွန်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများ၊ ဆုချီးမြှင့်ပွဲအခမ်းအနားနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ၊ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲနှင့် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)အပြေးပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် (၆) နာရီမှ စတင်၍ နေပြည်တော် ရာဇဌာနီလမ်း၊ ဥပ္ပါတသန္တိစေတီတော် ဘုရားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃) နှင့် (၄)တို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီ နာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော် မာရသွန်ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်နိုင်ရန်အတွက် ၂၁ ကီလိုမီတာ အမျိုးသား/အမျိုးသမီး (အလွတ်တန်း) မာရသွန်ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ အသက် ၁၄ နှစ်မှ ၁၆ နှစ်အတွင်း ၁၀ ကီလိုမီတာ (အမျိုးသား/အမျိုးသမီး) မာရသွန်ပြိုင်ပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဦးသန်းထွန်းဦးကလည်းကောင်း၊ အသက် ၁၃ နှစ်အောက် ၅ ကီလို မီတာ (အမျိုးသား/အမျိုးသမီး) မာရသွန်ပြိုင်ပွဲများကို ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့ကလည်းကောင်း အသီးသီးသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီးနောက် ယှဉ်ပြိုင်ပန်းဝင်လာမှုများအား ကြည့်ရှုအားပေးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ နှစ်သိမ့်ဆုများရရှိခဲ့ကြသူများနှင့် ၂၁ ကီလိုမီတာ အမျိုးသမီး (အလွတ်တန်း) မာရသွန်ပြိုင်ပွဲတွင် စံချိန် ၁:၂၄:၅၁ (၁ နာရီ ၂၄ မိနစ် ၅၁ စက္ကန့်)ဖြင့် လူငယ်မျိုးဆက်သစ် စံချိန်သစ် တင်နိုင်ခဲ့သည့် (Youth Camp)မှ နှင်းပွင့်အောင်တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုကြေးငွေများနှင့် ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၄) ၌ ကျင်းပလျက်ရှိသည့် ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့၏ ယှဉ်ပြိုင်နေမှုများအားလည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ နှင့် မီတာ ၈၀၀ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများအားလည်းကောင်းလိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုချီးမြှင့်ပွဲတက်ရောက်





နေပြည်တော်၊ ဇန်နဝါရီလ ၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှဦးဆောင်ပြီး အခြေခံပညာအထက်တန်းကျောင်း (အ.ထ.က-၆) နှင့် ပူးပေါင်း၍ ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဦးဖြိုးဇော်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ အားကစားပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲ ပွဲစဉ်များအဖြစ် ပြေးခုန်ပစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ လွန်ဆွဲ၊ ယုန်ခုန်ပြေး၊ အာလူးကောက်၊ အိတ်စွပ်ပြေး၊ အပ်ချည်ထိုး၊ စကောရွက်၊ သံပုရာသီးဇွန်းကိုက်၊ ခြေပူးပြေးပြိုင်ပွဲများတွင်Grade(1-12)မှ ကျောင်းသား/ကျောင်းသူလေးများက ပျော်ပျော်ပါးပါး အသီးသီးဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအား ဆက်လက်ကျင်းပခဲ့ရာ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ ပွဲစဉ်များတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား/ကျောင်းသူလေးများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှဦးဆောင်ပြီး (အ.ထ.က-၅) ၌လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး (အ.ထ.က-၇) ၌လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးဆောင်ပြီး (အ.ထ.က-၈) ၌လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှဦးဆောင်ပြီး (အ.ထ.က-၉) ၌လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဦးဆောင်ပြီး (အ.ထ.က-၁၀)၌လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှဦးဆောင်ပြီး (အ.ထ.က-၁၁)၌လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဦးဆောင်ပြီး (အ.လ.က-၃)၌လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဦးဆောင်ပြီးရွာတော်ရှိ (အ.ထ.က-၃)နှင့် ဥတ္တရသီရိမြို့နယ်ရှိ (အ.ထ.က-၁၂) တို့၌လည်းကောင်း၊ ၂၀၂၆ ခုနှစ် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဆုချီးမြှင့်ပွဲများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားကျွမ်းကျင်သည့် အားကစားမှူး(နည်းပြ)များအား စနစ်တကျတာဝန်ပေးအပ်၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ပင်မအားကစားကွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းခြင်းနှင့် မိုးလုံလေလုံ အားကစားရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော်၊ ဇန်နဝါရီလ ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ပင်မအားကစားကွင်း

စာမျက်နှာ ၄ သို့ ►

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး၊ အားကစားကွင်း/ အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် 13th Asean Para Games သို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့အား သွားရောက်ကြည့်ရှုအားပေး





ရန်ကုန်၊ ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ နဝရတ်အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးမှု အခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ နဝရတ်အားကစားကွင်းသို့ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် အများပြည်သူလာရောက်လေ့ကျင့်နိုင်စေရေးတို့အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက် ၄၄၉.၃၁၀ သန်းဖြင့် အဆင့်မြှင့် အားကစားရုံ (က) အဆင့် ကျန်ရှိလုပ်ငန်း (၅၀%) ရာခိုင်နှုန်း၏ (၉၀%) ရာခိုင်နှုန်း တည်ဆောက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး VIP ပွဲကြည့်စင် တည်ဆောက်ထားရှိမှု အခြေအနေ၊ လှေကားလက်ရမ်းတပ်ဆင်ထားရှိမှုများ၊ ရေလိုင်း၊ မီးလိုင်း သွယ်တန်းထားရှိမှုစနစ်များ ကောင်းမွန်စေရေး၊ သန့်စင်ခန်းနှင့် ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး၊ အဆောက်အဦများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်စေရေးနှင့် အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေးတို့အတွက် ပုံမှန်သန့်ရှင်းရေးများ ပြုလုပ်ပြီး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘောလုံးကွင်းအတွင်း မြက်ခင်းများ စိမ်းလန်းစိုပြေစေရေးအတွက် မြက်ဖြတ်ခြင်းနှင့် ဂိုးတိုင်၊ ဂိုးပိုက်များ သစ်လွင်ကောင်းမွန်စေရေးအတွက် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက်

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၃ မှ အဆက် ►



ဖြစ်သည့် ရွှေကြာပင်အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း ဂျပန်မြက်များ ပြန်စိုက်နိုင်ရေးအတွက် ကွင်းမြေညှိခြင်း၊ မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းခြင်းနှင့် မိုးလုံလေလုံ အားကစားရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ပင်မအားကစားကွင်းဖြစ်သည့် ရွှေကြာပင်အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းပျက်စီးခဲ့မှုများအား အမြန်ဆုံးအချိန်မီ ပြန်လည်ပြင်ဆင်နိုင်ရေး၊ ကြိုတင်မွေးထားသည့် ဂျပန်မြက်များအား အချပ်လိုက်ပြန်ကပ်ပြီး စိုက်ပျိုးနိုင်ရေးအတွက် ကွင်းမြေညှိခြင်း၊ ဘောလုံးကွင်းသဲခင်းခြင်းနှင့် ရေဖျန်းစနစ် (Field Sprinkler) များအတွက် ရေပိုက်များ အမြန်တပ်ဆင်ပြီးစီးရေး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရံပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ Synthetic ပြေးလမ်း အသစ်ပြန်လည် ခင်းကျင်းနိုင်ရေးအတွက် ပျက်စီးသွားသည့် ယခင်ပြေးလမ်းအဟောင်း ကွန်ကရစ်ခင်းခြင်းပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ပေ (၄၈၀x၆၀) အနောက်ဘက် အထူးတန်း ပွဲကြည့်စင်နှင့် ပေ (၁၈၀x၁၅၀) မိုးလုံလေလုံအားကစားရုံရှေ့မျက်နှာစာ Composite အပြားများ အမြန်တပ်ဆင်ပြီးစီးရေး၊ ပွဲကြည့်စင်များ၊ နံရံများအား ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေလိုင်း၊ မီးလိုင်းစနစ်များ ကောင်းမွန်စေရေးနှင့် LED ဘုတ်ပြားများအား ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက Synthetic ပြေးလမ်းအား သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများကို မှာကြားခဲ့ပြီးနောက် အားကစားကွင်း စိမ်းလန်းစိုပြေစေရေးအတွက် ခြုံနွယ်များရှင်းလင်းခြင်းနှင့် ပုံမှန်မြက်ဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် 13th Asean Para Games ဝင်ရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား





ရန်ကုန်၊ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညနေပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ 13th Asean Para Games ဝင်ရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းအားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် 13th Asean Para Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားနည်းအလိုက် လေ့ကျင့်လျက်ရှိသည့် မျက်မမြင်ဂိုးလ်ဘော အားကစားသမားများ၏ လေ့ကျင့်နေမှုအားလည်းကောင်း၊ ဘိုစီယာ အားကစားနည်းမှ အားကစားသမားလေ့ကျင့်နေမှုအားလည်းကောင်း၊ အလေးမအားကစားနည်းမှ အားကစားသမား လေ့ကျင့်နေမှု

စာမျက်နှာ ၅ သို့ ►

စာမျက်နှာ ၄ မှ အဆက် ►

အားကစားကွင်း/အားကစားရုံအား အဆင့်မြှင့်တည်ဆောက်ပေးခြင်းဖြင့် ရွှေပြည်သာမြို့နယ်ရှိ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ကရာတေး၊ ဘတ်စကက်ဘော အစရှိသည့် အားကစားနည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ မြသီတာအားကစားကွင်းသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းနှင့် အလျား (၂၀၀)ပေ၊ အနံ (၁၅၀)ပေရှိ ပရိသတ်(၂၀၀၀)ဆံ့ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၄၇.၄၆၀ ဖြင့် တောင်ဥက္ကလာပမြို့နယ် မြသီတာ ဘောလုံးကွင်း တည်ဆောက်ခြင်းလုပ်ငန်း Phase-2 ဘောလုံးကွင်းအား အုတ်ခဲကျိုးဖြည့်ခြင်း၊ သဲဖြည့်ခြင်း၊ မြက်စိုက်ခြင်း၊ ရေဖြန်းစနစ် ပြုလုပ်ထားရှိခြင်း၊ ၄ နှစ်ပိုင်း တစ်ပိုင်းလက်မ Tube well ဆောင်ရွက်ခြင်း၊ ဂါလံ ၅၀၀၀၀ ဆံ့ Ground Tank တည်ဆောက်ခြင်းနှင့် ဘောလုံးကွင်းအကာ Chain Link ဆောင်ရွက်ခြင်းလုပ်ငန်း၊ တောင်ဥက္ကလာပမြို့နယ် မြသီတာအားကစားရုံ (၂၀၀ပေ x ၁၅၀ပေ) တည်ဆောက်ခြင်းလုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၃၈၃.၁၄ အား အပိုင်း (၃) ပိုင်းခွဲ၍ တည်ဆောက်နေမှု၊ မြသီတာအားကစားရုံ (၂၀၀ပေ x ၁၅၀ပေ) တည်ဆောက်ခြင်း Phase-1 လုပ်ငန်းအား ကျပ်သန်း ၉၀၀.၀၀၀ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ Phase-1 လုပ်ငန်း၏ (၁၀၀)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ မြသီတာအားကစားရုံ (၂၀၀ပေ x ၁၅၀ပေ) တည်ဆောက်ခြင်း Phase-2 လုပ်ငန်း ကျပ်သန်း ၂၇၀၀.၀၀၀ ၏ တည်ဆောက်ရေးလုပ်ငန်း၏ (၄၅) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ Roof Truss လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ မြသီတာအားကစားရုံ တည်ဆောက်ခြင်း Phase-3 လုပ်ငန်းကျပ်သန်း ၁၇၈၃.၁၄၀ ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများထဲမှ 315 KVA Transformer တပ်ဆင်နိုင်ရေးဆောင်ရွက်နေမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၃၈၃.၁၄ ဖြင့် တည်ဆောက်လျက်ရှိသည့် တောင်ဥက္ကလာပမြို့နယ် မြသီတာ အားကစားရုံတည်ဆောက်ခြင်း (၂၀၀ပေx ၁၅၀ပေ) လုပ်ငန်းမှာ လုပ်ငန်းတစ်ခုလုံး၏ (၄၂) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုစသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်/စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးတို့အတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ 13th Asean Para Games သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် ရေကူး၊ ပြေးခုန်ပစ်၊ စစ်တုရင် ကစားသမားများ လေ့ကျင့်နေမှုတို့အား လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများအား ကျန်းမာရေးအထူးဂရုစိုက်ကြရန်လိုကြောင်း၊ မိမိတို့လေ့ကျင့်ထားသည့်အတိုင်း ပြိုင်ပွဲတွင် မဆုတ်မနစ်သော ဇွဲ၊ စိတ်ဓာတ်ဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားရန်လိုကြောင်း၊ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် အစွမ်းကုန်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းရှိ သင်တန်းသား/သင်တန်းသူများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေး





ရန်ကုန်၊ ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ ညနေပိုင်းတွင် ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ ရေကူး၊ ကရာတေး၊ လေ့လှော်၊ လက်ဝှေ့၊ ဂျူဒို၊ ဗိုဗီနမ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ပြေးခုန်ပစ်၊ ဘောလုံးနှင့် ဝူရှူးအားကစားအဖွဲ့များမှ အားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းကို ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် မြန်မာ့လက်ရွေးစင်အမျိုးသား အားကစားသမား (၁၁၈) ဦး၊ အမျိုးသမီးအားကစားသမား (၈၇) ဦး စုစုပေါင်း (၂၀၅) ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အုပ်ချုပ်/နည်းပြများအနေဖြင့် အားကစားနည်းများအလိုက်ကြွခိုင်မှု၊ စွမ်းဆောင်နိုင်မှု၊ နည်းစနစ်၊ နည်းဗျူဟာ၊ နည်းပရိယာယ်များကို တတ်ကျွမ်းနားလည်ပြီး အရည်အချင်းရှိသည့် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်စေရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်မှုများနှင့် လေ့လာဆန်းစစ်မှုများ အမြဲမပြတ်ပြုလုပ်ပေးသွားစေလိုကြောင်း၊ အားကစားသမားများ၏ Muscle များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်နှင့် နည်းစနစ်အခြေခံကောင်းမွန်စေရန် အခြေခံကစ၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ အားကစားသမားများကလည်း နည်းပြဆရာများ၏ သင်ကြားပြသလမ်းညွှန်မှုများကို လေးစားလိုက်နာသွားကြစေလိုကြောင်း၊ ၂၀၂၇ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားဟောင်းများနှင့်အတူ အင်အားဖြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း၊ အရည်အချင်းရှိသည့် အားကစားသမားကောင်းများအဖြစ် နောင်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိပြီး အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် ယခုအချိန်မှစတင်၍ နည်းစနစ်၊ နည်းဗျူဟာများကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိမ်ဖန်များစွာ ကြိုးစားလေ့ကျင့်သွားရန် လိုကြောင်း၊ အရည်အချင်းရှိသည့် အားကစားသမားများ၏ ဘဝ နေထိုင်ရေးကောင်းမွန်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် အခြား

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

တို့အားလည်းကောင်း၊ ထိုင်လျက်ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုတို့အားလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီးနောက် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ အားလုံး ကျန်းမာရေး အထူးဂရုစိုက်ကြရန်လိုကြောင်း၊ မိမိတို့မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆုများရရှိအောင် အစွမ်းကုန်ကြိုးစားသွားကြရန်၊ ပြိုင်ပွဲယှဉ်ပြိုင်ရာ၌ နောက်ဆုံးအချိန်အထိ မလျှော့သော ဇွဲ၊ စိတ်ဓာတ်ဖြင့် ကြိုးစားသွားကြရန်၊ မသန်စွမ်းသူ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် စွမ်းဆောင်နိုင်သူများဖြစ်အောင် အစွမ်းကုန်ကြိုးစားသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ပြည်ထောင်စုခန်းမ၌ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများ၊ အားကစားနှင့်ပညာရေးပေါင်းစပ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ/ဆရာမများအား ရင်းရင်းနှီးနှီးဖြင့်တွေ့ဆုံ အမှာစကားပြောကြားရာတွင် အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍများနှင့် ပတ်သက်ပြီး အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် အောင်မြင်မှုများ ရရှိစေရေး၊ ပညာရေးအောင်ချက်မြင့်မားစေရေး၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင်အောင်မြင်သူများပြီး အောင်ချက်ကောင်းမွန်စေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ဌာနခွဲအလိုက် ဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တင်ပြချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လုံခြုံရေးအထူးဂရုစိုက်ရန်၊ အားကစားအောင်မြင်မှုအတွက် ဆေးပညာနှင့်စိတ်ပညာရပ် ပေါင်းစပ်ဆောင်ရွက်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စိတ်ဓာတ်ကောင်းမွန်သည့် အားကစားသမားများဖြစ်ရန်၊ မိသားစုစိတ်ဓာတ်ဖြင့် အပြုသဘောဆောင်ပြီး လုပ်ငန်းတာဝန်များကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကာ အားကစားအဆင့်အတန်း ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ် ပေးနိုင်စေရေးတို့အတွက် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်း/အားကစားရုံသို့ သွားရောက်ပြီး ဘောလုံးကွင်း၊ အထူးတန်းပွဲကြည့်စင်၊ VIP ဧည့်ရိပ်သာတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ် သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ် လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေး၊ အားကစားဝါသနာပါသည့် လူငယ်များနှင့်ပြည်သူများ လာရောက် လေ့ကျင့်မှုပြုလုပ်လျက်ရှိသည့် အားကစားကွင်း/အားကစားရုံ အတွင်း/အပြင်နှင့် ပတ်ဝန်းကျင် အမြဲတမ်းသန့်ရှင်းသာယာလှပစေရေးနှင့် ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြေ၍ ညီညာလှပစေရေးအတွက် ရေဖြန်းစနစ် (Sprinkler) များ ပြန်လည်ပြုပြင်တပ်ဆင်သွားရန်၊ သန့်ရှင်းရေးနှင့် မြက်ဖြတ်ခြင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဝင်မုခ်ဦးဆိုင်းဘုတ်ဗီနိုင်းနှင့် အထူးတန်းပွဲကြည့်စင်မျက်နှာစာ နဖူးစည်းတန်း(ပန်းဆွဲ)အသစ် ပြန်လည်ပြုပြင်တပ်ဆင်ခြင်း၊ အထူးတန်းပွဲကြည့်စင်၊ Inner Fence တိုင်အောက်ခြေ၊ အုတ်ခုံ၊ VIP ဧည့်ရိပ်သာရှိ ရေစင်နှင့် အားကစားရုံ ခန်းမနံရံတို့အား ပြန်လည်ဆေးသုတ်သွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံနှင့် ရုံးအဆောက်အဦများ ရေရှည်တည်တံ့စေရေးတို့အတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးဆက်သစ် အားကစားသမားများစွာ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအဆင့်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးခြင်းဖြင့် မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် အုပ်ချုပ်မှုကိစ္စ ထူးခြားဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် သွားလာနေထိုင်ကြရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်နှင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ် အပါး (၃၀) တို့ကို လေ့လာကျက်မှတ်၍ လေးစားလိုက်နာသွားရန်လိုကြောင်း၊ မိမိဌာန၏ အားကစားလုပ်ငန်းများ အောင်မြင်စေရန်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် အားကစားအထောက်အကူပြု လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သိပ္ပံသင်တန်းသားနှင့် မျိုးဆက်သစ် လူငယ်အားကစားသမားများ ပိုမိုမွေးထုတ်ပေးနိုင်စေရေးတို့အတွက် မိမိတို့အား ပေးအပ်ထားသည့် တာဝန်နှင့်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားအားထုတ်သွားရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် မိသားစုစိတ်ထားရှိပြီး ရိုင်းပင်းကူညီဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့ပြီးနောက် ဝန်ထမ်းများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများ နေထိုင်၊ စားသောက်မှုများ အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်စသည့် စားသောက်ကုန်ပစ္စည်းများအား ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၆ မှ အဆက် ►

ဝန်ကြီးဌာနများတွင်ဝန်ထမ်းအဖြစ် အလုပ်ခန့်အပ်ပေးခြင်းများကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် ပညာရေးတွင်ထူးချွန်ထက်မြက်ပြီး အားကစားပိုင်းတွင်လည်း ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်အောင် အမြဲတမ်းကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှင်အပြီးတည်ဆောက်ရေး၊ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား လျှင်အပြီး တည်ဆောက်ရေးလုပ်ငန်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းသို့ သွားရောက်၍ လျှင်အပြီး တည်ဆောက်ရေးလုပ်ငန်း ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံများအား သတ်မှတ်စံချိန်/စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြန်လည်ပြုပြင်ပြီးစီးနိုင်စေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီ၊ အရည်အသွေးစစ်ဆေးသည့် (QC) ကုမ္ပဏီနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘောလုံးကွင်း မြက်ခင်းများ စိမ်းလန်းစိုပြေစေရေး၊ ဘောလုံးကွင်း ရေစိမ့်မြောင်းများနှင့် ရေဖြန်းစနစ်(Sprinkler)များ ကောင်းမွန်စေရေး၊ ဘောလုံးကွင်း ဂိုးတိုင်၊ ဂိုးပိုက်များနှင့် Corner တိုင်များ စနစ်တကျတပ်ဆင်ထားရှိရေး၊ ရေလုံလောက်စွာရရှိစေရေးနှင့် ရေလိုင်း၊ မီးလိုင်းများ ကောင်းမွန်စေရေးတို့အတွက် ရေစင်တည်ဆောက်ထားရှိမှု အခြေအနေ၊ မန္တလေးတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနိုင်စေရေး၊ သို့မှသာသင်တန်းသားနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပိုမိုမွေးထုတ် ပေးနိုင်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကိုမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်၊ ဗထူးအားကစားကွင်းရှိ ဗထူးမိုးလုံလေလုံ အားကစားရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မိုးလုံလေလုံ အားကစားရုံ ရေရှည်တည်တံ့စေရေး၊ ခိုငှက်များ မဝင်ရောက်နိုင်စေရေးအတွက် သံဇကာများဖြင့် စနစ်တကျကာရံသွားရန်၊ အားကစားရုံ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ပြည်သူများလာရောက် လေ့ကျင့်ကစားနိုင်စေရေးတို့အတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှ တာဝန်ရှိသူများနှင့်ချိတ်ဆက်ပြီး အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## ကချင်ပြည်နယ်ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေးပြီး အားကစားဝတ်စုံများထောက်ပံ့ပေး




မြစ်ကြီးနားမြို့၊ ဇန်နဝါရီလ ၂၀

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် ဘောလုံးလက်ရွေးစင်ဟောင်းများအသင်း (Kachin Old Star) အဖွဲ့ချုပ်ရုံးခန်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကချင်ဘောလုံးအကယ်ဒမီ၏ အဆင့်မြင့် (၃) လသင်တန်း U-14 ၊ U-17 နှင့် အမျိုးသမီး U-25 ဘောလုံးအသင်းများ၏ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးကာ အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။



စာမျက်နှာ ၉ သို့ ▶

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပွဲတော်များနှင့် ခရီးသွားကဏ္ဍနှင့်ဟိုတယ်ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး





မြစ်ကြီးနား၊ ဇန်နဝါရီ ၂၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂၁ ရက်က မြစ်ကြီးနားမြို့ Shwe Hee Hotel နှင့် Jade Garden Hotel သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်များ၏ ဂုဏ်အင်္ဂါအဆင့်နှင့်လျော်ညီစွာ ပြင်ဆင်တည်ဆောက်ထားရှိမှု အခြေအနေများ၊ အိပ်ခန်းဆောင်၊ စားသောက်ခန်းမများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ဝန်ဆောင်မှုစနစ်များနှင့် ဟိုတယ်တစ်ခု၏ စံချိန်စံညွှန်းများ ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးကဒေသတွင်းခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကိုအထောက်အကူပြုမည့် ဟိုတယ်လုပ်ငန်းကဏ္ဍ၏ အရည်အသွေးပိုမိုပြည့်မီမှုရှိစေရေး လိုအပ်ချက်များကို လမ်းညွှန်မှာကြားရာတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်နှင့်တည်းခို ရိပ်သာများ၏ လုံခြုံရေးကိစ္စနှင့် ထူးခြားဖြစ်စဉ်များ မပေါ်ပေါက်စေရန် သတိပြုဆောင်ရွက်ရေး၊ ဧည့်စာရင်းများ စနစ်တကျတိုင်ကြားရေး၊ CCTV စနစ်များ စနစ်တကျတပ်ဆင်၍ မှတ်တမ်းတင်ထားရှိနိုင်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လာရောက်တည်းခိုသော ဧည့်သည်များ စိတ်ကျေနပ်မှုရှိစေရန်အတွက် ကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုကောင်းများပေးဆောင်၍ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဝန်ကြီးဌာနမှသတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများအတိုင်း အထူးအလေးထား လိုက်နာကျင့်သုံး ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဇန်နဝါရီ(၁၀)ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြုလုပ်သည့် ကရာတေး ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲသို့ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်

စာမျက်နှာ ၁၀ သို့ ▶

စာမျက်နှာ ၈ မှ အဆက် ▶

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် ဘောလုံးလက်ရွေးစင်ဟောင်းများအသင်း (Kachin Old Star) အဖွဲ့ချုပ် ရုံးခန်းသစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကာ ရုံးခန်းသစ်အား Old Star ကစားသမားဟောင်းကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရုံးခန်းဆိုင်းဘုတ်အား အမွေးနံ့သာရည်များပက်ဖျန်း၍ ရုံးခန်းအတွင်း Old Star အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများအားကြည့်ရှုအားပေးပြီး ဘောလုံးအားကစားသည် လူငယ်များ၏ ရေရှည်ကျန်းမာရေးနှင့်အဖွဲ့ စည်းလုံးညီညွတ်မှု Teamwork အတွက် အရေးပါကြောင်း၊ အားကစားသမားဟောင်းများ၏ ရည်ရွယ်ချက်နှင့် နောင်လာမည့်မျိုးဆက်သစ်များပိုမို ဖွံ့ဖြိုးလာစေရန် မျှော်မှန်းကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားသမားဟောင်းကြီးများအတွက် မတည်ငွေ (၁၀) သိန်းကျပ်နှင့် ဘောလုံးများအား ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားကစားသမားဟောင်းကြီးများနှင့် ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များသည် ကချင်ဘောလုံးအကယ်ဒမီ၏ အဆင့်မြင့် (၃) လသင်တန်းလေ့ကျင့်မှုများကို သွားရောက်ကြည့်ရှုခဲ့ရာ ယင်းသင်တန်းတွင် U–14 ၊ U–17 လူငယ်ဘောလုံး အသင်းများနှင့် အမျိုးသမီး U–25 ဘောလုံးအသင်းများအား ရေရှည်အတွက် မျှော်မှန်းလေ့ကျင့်ပေးနေမှုများနှင့် လေ့ကျင့်မှုအဆင့်အတန်း၊ ကစားသမားများ၏ စွမ်းဆောင်ရည်နှင့် နည်းပြများ၏ လမ်းညွှန်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဘောလုံးအကယ်ဒမီသင်တန်းသည် လူငယ်များအား ပညာရေးနှင့်အားကစားကို တွဲဖက်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း အစိုးရ၏ထောက်ပံ့မှုသည် ဒေသဖွံ့ဖြိုးရေးနှင့် လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ယခုအစီအစဉ်များသည် မြန်မာနိုင်ငံနှင့်ကချင်ပြည်နယ်၏ ရေရှည်အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အားကစားလုပ်ငန်းစဉ်များ ဖြစ်ကြောင်းပြောကြားကာ အဆိုပါဘောလုံးအသင်းများအတွက် အားကစားဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းထောက်ပံ့မှုသည် မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပံ့ပိုးမှု တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

# (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်အားပေး





မြစ်ကြီးနားမြို့၊ ဇန်နဝါရီ ၂၃

(၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အားကစားပွဲတော်အဖြစ် ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲအသီးသီးသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တက်ရောက်ကာ ပြိုင်ပွဲဝင်အားကစားသမားများအား အားပေးဂုဏ်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီတွင် မနောမြေအားကစားခန်းမ၌ ကျင်းပပြုလုပ်သည့် (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များနှင့် တိုက်ကွမ်ဒိုဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးကြည့်ရှုခဲ့ပြီး အနိုင်ရ အားကစားသမားများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ဇန်နဝါရီ ၂၃ ရက် ညနေ ၃ နာရီအချိန်တွင် ငြိမ်းချမ်းသာယာခရိုင် ဘော်လီဘောခန်းမ၌ ကျင်းပပြုလုပ်သည့် (အမျိုးသား/အမျိုးသမီး) ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားသို့လည်း ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဘော်လီဘောဆပ်ကော်မတီနှင့် အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်အားပေးချီးမြှင့်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် အားကစားပွဲများသို့ တက်ရောက်ရာတွင် ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံကိုမြှင့်တင်ခြင်း၊ လူငယ်များအတွက် ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်များ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ အားကစားပွဲများ စဉ်ဆက်မပြတ်ကျင်းပသင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပွဲများတွင် တိုင်းရင်းသားလူမျိုးများ၊ ကျေးရွာများနှင့် အဖွဲ့အစည်းပေါင်းစုံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

---

စာမျက်နှာ ၉ မှ အဆက် ►

ကရာတေးဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးခဲ့သည်။ အဆိုပါပြိုင်ပွဲသည် ပြည်နယ်အားကစား လုပ်ငန်းဆက်လက်ရှင်သန်ထွန်းကားရေးနှင့် လူငယ်များအကြား သန့်ရှင်းမှန်ကန်သည့် အားကစားစိတ်ဓာတ် ပိုမိုပြန့်ပွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ကချင်ပြည်နယ် ဘောလုံးလက်ရွေးစင်ဟောင်း Old Star အသင်း၏ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ပါဝင်အားပေးခဲ့ကြပြီး အဆိုပွဲစဉ်များမှတစ်ဆင့် အားကစားသွေးစည်း စည်းလုံးညီညွတ်မှုနှင့် ကျန်းမာကြံ့ခိုင်သန်စွမ်းသော လူနေမှုပုံစံများကို ဖော်ဆောင်နိုင်ကြောင်း ပြသခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဤလှုပ်ရှားမှုများသည် ၂၀၂၆ ခုနှစ်မှ စတင်၍ ကချင်ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားယဉ်ကျေးမှုမြှင့်တင်ရေး လမ်းကြောင်းပေါ် ပိုမိုခိုင်ခိုင်မာမာ ပေါ်လွင်လာစေပြီး နောင်ရှေ့လုပ်ငန်းစဉ်များအရ ကချင်ပြည်နယ် အတွင်း ထူးခြားဆန်းသစ်သော Sports Tourism Festival အားကစားပွဲများ၊ ခရီးသွားဆွဲဆောင်မှုများ ပိုမိုတိုးမြှင့်ကျင်းပသွားနိုင်ရေးနှင့် မြန်မာ့အားကစားဦးမော့လာနိုင်ရေး၊ ခရီးသွားကဏ္ဍစွမ်းဆောင်မှု ပိုမိုကောင်းမွန်လာစေရေးအတွက် ဆက်လက်ပြီး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ကြိုးပမ်း ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်
စိတ်ဓာတ်၊ စည်းကမ်း၊
စွမ်းအား၊ စည်းလုံးမှု
စံချိန်၊ စံညွှန်း၊ စံနှုန်း

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စုပေါင်းကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ် Zumba Festival နှင့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများသို့ တက်ရောက်အားပေး





မြစ်ကြီးနားမြို့ ၊ ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဦးဆောင်၍ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ လိုက်ပါ၍ စုပေါင်းကိုယ်လက်လှုပ်ရှားအစီအစဉ် ဇွန်ဘာပွဲတော် (Zumba Festival) နှင့် (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာ သိုင်းစွမ်းရည်ပြပွဲသို့ တက်ရောက်အားပေးခဲ့ပါသည်။

စုပေါင်းကိုယ်လက်လှုပ်ရှား အားကစားအစီအစဉ်အရ ကျင်းပပြုလုပ်သည့် Zumba Festival တွင် ပြည်ထောင်စုဝန်ကြီးက Zumba Festival အကသည် လက်တင်အမေရိကန် ဂီတနှင့် ကကွက်များကိုပေါင်းစပ်ထားသော ကာယလေ့ကျင့်ခန်း တစ်မျိုးဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ လူသန်းပေါင်းများစွာ နှစ်သက်စွာလေ့ကျင့်လျက်ရှိပြီး Zumba ကစားခြင်းဖြင့် ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများ ရရှိစေခြင်း၊ သွေးလည်ပတ်မှုကောင်းမွန်စေပြီး နှလုံးကျန်းမာရေးတိုးတက်စေခြင်း၊ ကြွက်သားသန်မာစေခြင်းနှင့် ဟန်ချက်ညီမှုနှင့် ညီညွတ်မှု တိုးတက်စေခြင်းတို့အပြင် စိတ်ဖိစီးမှု လျော့ပါးစေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှု တိုးတက်စေခြင်းများ ရရှိပါကြောင်း ထို့အပြင် လူမှုရေးဆိုင်ရာကောင်းကျိုးများအဖြစ် လူမှုဆက်ဆံရေး တိုးတက်စေခြင်း၊ အသိုင်းအဝိုင်း ခံစားမှုရရှိစေခြင်းနှင့် အခြားသောအကျိုးကျေးဇူးများ မှတ်ဉာဏ်ကောင်းမွန်စေခြင်း၊ လွယ်ကူပျော်ရွှင်စေသော လေ့ကျင့်ခန်းဖြစ်ခြင်း၊ အသက်အရွယ်မရွေး ကျွမ်းကျင်မှု အဆင့်မရွေး လေ့ကျင့်ခန်းတစ်မျိုးဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သည့်အတွက် ယခုကဲ့သို့ စုပေါင်းကိုယ်လက်လှုပ်ရှား အစီအစဉ်များကို စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါသည်။

ထို့နောက် မြန်မာ့သိုင်းစွမ်းရည်ပြပြိုင်ပွဲသို့ ဆက်လက်တက်ရောက်အားပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က သရုပ်ပြအားကစားသမားများထံသို့ ဆုတံဆိပ်များနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ဂုဏ်ပြုခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ဤကဲ့သို့အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့် မြန်မာ့ရိုးရာကိုယ်လုံကိုယ်ခံပညာကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ရေးနှင့် မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးကို အထောက်အကူပြုသည့်အပြင် ဒေသခံလူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါကြောင်း၊ ထို့အပြင် ဒေသ၏ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အရေးပါသည့်အတွက်ပြိုင်ပွဲများ ဆက်လက်ကျင်းပနိုင်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့ပါကြောင်း သတင်းရရှိပါသည်။

ပြည်ထောင်စုဝန်ကြီးသည် အားကစားပွဲများသို့ တက်ရောက်ရာတွင် ကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံကို မြှင့်တင်ခြင်း၊ လူငယ်များအတွက် ကျန်းမာသန်စွမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် အားကစားစိတ်ဓာတ်များဖွံ့ဖြိုးစေရန် ရည်ရွယ်၍ အားကစားပွဲများ စဉ်ဆက်မပြတ် ကျင်းပသင့်ကြောင်း အကြံပြုပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲနှင့် ကြက်တောင်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲတက်ရောက်အားပေး

မြစ်ကြီးနားမြို့ ၊ ဇန်နဝါရီလ ၂၅ ရက်

၂၀၂၆ ခုနှစ်၊ (၇၈) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲနှင့် ကြက်တောင်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လက်ဝှေ့အားကစားရုံနှင့် ငြိမ်းချမ်းသာယာ ကြက်တောင်ရုံတို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲများသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး Jeng Phang နော်တောင် ဦးဆောင်လျက် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပြည်နယ်အားကစားနည်းအလိုက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ လိုက်ပါ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြိုင်ပွဲများသို့ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်လက်ရွေးစင်

စာမျက်နှာ ၁၂ သို့ ►

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပခဲ့သည့် Myanmar Women League 2025-26 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရှေ့ဝတီအက်ဖ်စီအမျိုးသမီးအသင်းက ရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးဆုဖလားကို ဆွတ်ခူးရရှိ







ဇန်နဝါရီ ၃၁ ရက်

Myanmar Women League 2025-26 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ရာသီပိတ်ပွဲစဉ်အဖြစ် ISPE FC အသင်းနှင့် ရှေ့ဝတီအက်ဖ်စီ အသင်းတို့သည်၊ သုဝဏ္ဏာကွင်း၊ လူငယ်လေ့ကျင့်ရေးစခန်း (YTC) တွင် ယှဉ်ပြိုင်ကစားခဲ့ပြီး ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ရာ ရှေ့ဝတီ အက်ဖ်စီအမျိုးသမီးအသင်းက ရမှတ် (၄၀) ရရှိပြီး ဒုတိယနေရာမှ ISPE FC အမျိုးသမီးအသင်းကို သုံးမှတ်ဖြတ်ကာ ချန်ပီယံဆုကို ရရှိ သွားခဲ့သည်။

ယင်းပွဲစဉ်အပြီးတွင် ချန်ပီယံဆုပေးပွဲ အခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ ၂၀၂၅-၂၀၂၆ မြန်မာအမျိုးသမီးလိဂ် အမှတ်ပေး ပြိုင်ပွဲတွင်ရဂိုး (၂၂) ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဆုရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ဇင်မိုးပြည့်အား အထိမ်းအမှတ် ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း (၃၀) ကို မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်စောဦးက ချီးမြှင့် ပေးခဲ့သည်။

ထို့အတူ Myanmar Women League 2025-26 ပြိုင်ပွဲတွင် တတိယရရှိခဲ့သည့် သစ္စာအားမာန်အမျိုးသမီးအသင်းအား တစ်ဦးချင်း ကြေးတံဆိပ်ဆု ချီးမြှင့်မှုကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာအမျိုးသမီးဘောလုံးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်က ချီးမြှင့်ပေးပြီး တတိယဆုကြေး ငွေကျပ် သိန်း ၂၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ချီးမြှင့်ပေးခဲ့သည်။

အလားတူ ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ဆု ရရှိခဲ့သည့် ISPE Women FC အသင်းအား တစ်ဦးချင်းငွေတံဆိပ်ဆုချီးမြှင့်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ချီးမြှင့်ပေး၍ ဒုတိယဆုအတွက်ဆုကြေးငွေကျပ်သိန်း ၃၀၀ ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက ချီးမြှင့်ပေးသည်။

ဆက်လက်၍ Myanmar Women League 2025-26 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ချန်ပီယံဖြစ်ခဲ့သည့် ရှေ့ဝတီအက်ဖ်စီ အမျိုးသမီးအသင်းအတွက် တစ်ဦးချင်း ရွှေတံဆိပ်ချီးမြှင့်ခြင်းကို အာရှဘောလုံးအဖွဲ့ချုပ်အကြီးတန်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချီးမြှင့်ပေးခဲ့သည်။

စာမျက်နှာ ၁၃ သို့ ►

စာမျက်နှာ ၁၁ မှ အဆက် ►





အားကစားသမားများ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများနှင့် ကလပ်အသင်းအသီးသီးမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရအားကစားသမားများကို တစ်ဦးချင်း လည်ဆွဲများ၊ ဆုတံဆိပ်များနှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြင့်ဒေသခံပြည်သူလူထု၏ အားကစားစိတ်ဓာတ်ကိုမြှင့်တင်ပေးခြင်း၊ အားကစားလောကအား အရေးပါသောနေရာတွင်ထားရှိသည့် ဦးစားပေးမှုကို ပြသခြင်းနှင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် ရည်ရွယ်သည့်အပြင် ပြည်သူလူထု ကျန်းမာကြံ့ခိုင်သန်စွမ်းရေး အားကစားသမားများအကြား ရင်းနှီးချစ်ခင်မှုရှိရေး ဝါသနာပါရာ အားကစားကိုလေ့ကျင့်ကစားခြင်းဖြင့် ပျော်ရွှင်မှုများရရှိကာ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်း ပပျောက်ရေးကိုလည်း အထောက်အကူပြုသည့်အတွက် ပြည်သူလူထု ပါဝင်သည့် အားကစားပြိုင်ပွဲများနှင့် အားကစားလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးက အလေးအနက်ထား မှာကြားခဲ့ပါကြောင်း သတင်းရရှိပါသည်။

# ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁) ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များကြိုဆိုနေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဆပ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်သည့် အဖွဲ့ဝင် ၁၇ ဦးတို့ဖြင့် ဆပ်ကော်မတီအဖွဲ့အား ဖွဲ့စည်း၍တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မဏ္ဍလေးငလျင်ဒဏ်ကြောင့် အခမ်းအနားတက်ရောက်သူများ ယခင်တည်းခိုနေထိုင်ခဲ့သည့် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) တွင် တည်းခိုနေထိုင်ရန် အခက်အခဲများရှိသည့်အတွက် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုနယ်မြေ နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များကို အသေးစိတ်တင်ပြဆွေးနွေးတင်ပြပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစီအစဉ်အရ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်က ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်ပြီး တည်းခိုနေထိုင်မှုများနှင့် နေရာပြင်ဆင်ထားရှိမှုများ၊ နေ့စဉ်အစားအသောက်များကျွေးမွေးမည့် အစီအစဉ်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းက အခမ်းအနားပြင်ဆင်ဆောင်ရွက်မည့်အစီအစဉ်များ၊ အစားအသောက်ချက်ပြုတ်ပြင်ဆင်မည့် အဆောက်အဦနေရာနှင့် အဝင်လမ်းတစ်လျှောက် အလံတိုင်စိုက်ထူခြင်းကိစ္စရပ်များအားလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြခြင်းနှင့် အစည်းအဝေးသို့တက်ရောက်လာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှဆပ်ကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ကြရာ ဆပ်ကော်မတီအတွင်းရေးမှူးက ယခုကျင်းပမည့် အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ပြင်ဆင်ဆောင်ရွက်မှုများတွင် လစ်ဟင်းမှုများမရှိစေရန်နှင့် မိမိတို့အားပေးအပ်ထားသည့် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များကို အထူးအလေးအနက်ထားပြီး ဂရုစိုက်ဆောင်ရွက်ပေးသွားစေလိုကြောင်းနှင့် မိမိတို့ဦးစီးဌာန အနေဖြင့်လည်း လုပ်ငန်းများ

စာမျက်နှာ ၁၄ သို့ ►

စာမျက်နှာ ၁၂ မှ အဆက် ►

ယင်းနောက် ချန်ပီယံဆုကြေးငွေကျပ်သိန်း ၅၀၀ ကို ချီးမြှင့်ပေးမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစိုးသိန်းက ဂုဏ်ပြုချီးမြှင့်ပေးကာ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံအသင်းသစ်အဖြစ် မှတ်တမ်းရေးထိုးနိုင်ခဲ့သည့် ရှေ့ဝတီအက်ဖ်စီ အမျိုးသမီးအသင်းအား ချန်ပီယံဆုဖလားချီးမြှင့်ခြင်းကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တက်ရောက်ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

ယခုနှစ် Myanmar Women League 2025–26 အမှတ်ပေးဘောလုံးပြိုင်ပွဲတွင်ပြိုင်ပွဲဝင် (၉) သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရှေ့ဝတီအက်ဖ်စီအသင်းက ရမှတ် (၄၀) ဖြင့် အဆင့် (၁)၊ ယမန်နှစ်ချန်ပီယံ ISPE FC အသင်းက ရမှတ် (၃၇) မှတ်ဖြင့် အဆင့် (၂) နှင့် သစ္စာအားမာန်အသင်းက ရမှတ် (၃၄) မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နှင့်ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း ဘောလုံးကွင်းဖောက်လုပ်နေမှု၊ ခြံစည်းရိုးအုတ်တံတိုင်းကာရံနေမှုအခြေအနေနှင့် မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဘောလုံးကွင်း၊ အားကစားရုံ (C)နှင့် ရေကူးကန် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇန်နဝါရီ ၁၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစား အဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နေပြည်တော် ဥတ္တရသီရိခရိုင်အတွင်းရှိ၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးခရိုင်အတွင်းရှိ၊ ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း ဘောလုံးကွင်းဖောက်လုပ်နေမှု၊ ခြံစည်းရိုး အုတ်တံတိုင်းကာရံနေမှုအခြေအနေများနှင့် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ VIP မှန်ခန်း အထူးတန်းပွဲကြည့်စင်၊ ဘောလုံးကွင်း၊ အားကစားရုံ (C)နှင့် ရေကူးကန်ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် ဥတ္တရသီရိခရိုင်၊ ဥတ္တရသီရိမြို့နယ် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း ငါးရိုးရေစိမ့်မြောင်းဖောက်လုပ်ခြင်း၊ Spinkler ရေဖျန်းစနစ်တပ်ဆင်ခြင်း၊ မြက်ခင်းစိုက်ပျိုးခြင်း၊ ဘောလုံးကွင်းကြမ်းဖောက်လုပ်ခြင်း၊ မြေသား ပြေးလမ်း ခင်းကျင်းရန်အတွက် ကွင်းမြေညှိခြင်း၊ ပေ ၂၂၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ပေ ၁၅၀ x ၄၀ အနောက်ဘက်ပွဲကြည့်စင် တည်ဆောက်မည့် မြေနေရာနှင့် ရေဂါလံ ၈၀၀၀၀ ဆံ့ (Ground Water Tank) တူးဖော်မည့် မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ယခုကွင်းသည် မိုးတွင်းကာလတွင် ရေမြုပ်တတ်သည့် မြေနေရာဖြစ်၍ ခြံစည်းရိုးအုတ်တံတိုင်းနှင့် အားကစားကွင်း ရေရှည်တည်တံ့ပြီး မပျက်စီးစေရေးအတွက် ရေစိမ့်မြောင်းများ၊ ရေလွှဲမြောင်းများနှင့် ရေထိန်းတိုင်များကို မဖြစ်မနေ ဂရုစိုက်ထည့်သွင်းပြီး တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်/စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် တာဝန်ရှိသူများက စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့သွားရောက်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဓါတ်လှေကား ပြန်လည်ပြုပြင်ပြီးစီးမှု၊ VIP အခန်း အထူးတန်းပွဲကြည့်စင် မှန်များတပ်ဆင်ပြီးစီးမှု အခြေအနေ၊ ဘောလုံးကွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းရန်အတွက် AC အလွှာခင်းကျင်းနေမှုအခြေအနေ၊ ဘောလုံးကွင်းအတွင်းရှိ ပြန်လည်စိုက်ပျိုးထားသည့် မြက်ခင်းအခြေအနေ၊ အခန်းနံရံပလာစတာ ဖာထေးပြုပြင်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) မျက်နှာစာရှိ ကားပတ်လမ်း ပြန်လည်ခင်းကျင်းနေမှုနှင့် ရုံအတွင်း ပြင်ဆင်ပြီးစီးမှု

စာမျက်နှာ ၁၅ သို့ ►

စာမျက်နှာ ၁၃ မှ အဆက် ►

အချိန်မီပြီးစီးစေရေးအတွက် ပေါင်းစပ်၍ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးပြောကြားခဲ့ပြီးနောက် ဆပ်ကော်မတီဥက္ကဋ္ဌက ကြိုဆိုနေရာချထားရေးကိစ္စ၊ တည်းခိုနေထိုင်ရေးကိစ္စ၊ အစားအသောက်ကျွေးမွေးမည့်ကိစ္စ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုကိစ္စ၊ အခမ်းအနားပြင်ဆင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီအစည်းအဝေးကို မကြာမီကျင်းပသွားမည်ဖြစ်၍ ဆပ်ကော်မတီများအလိုက် မိမိတို့တင်ပြမည့် အစီအမံများကို မှတ်တမ်းဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်၍ ပြုစုဆောင်ရွက်ထားရှိရန်လိုကြောင်း၊ အခမ်းအနားသို့တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ စိတ်ချမ်းသာမှု အပြည့်ဖြင့် တက်ရောက်နိုင်ရေးနှင့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့်ပေါင်းစပ်၍ ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆပ်ကော်မတီများအလိုက် လိုအပ်သည်များကို ပေါင်းစပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်နှင့် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်လိုကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးထိန်လင်း ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက်စားရိပ်သာ၊ အိပ်ဆောင်နှင့် ကြိုဆိုနှုတ်ဆက်ပွဲကျင်းပမည့် ခန်းမနေရာများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇန်နဝါရီ ၁၈

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထိန်လင်းသည် ညွှန်ကြားရေးမှူးချုပ်ဦးဉာဏ်ဇော်ဦး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စည်ပင်ဧည့်ရိပ်သာအတွင်းရှိ ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုအဖွဲ့များအား ဧည့်ခံကျွေးမွေးမည့်စားရိပ်သာ၊ အိပ်ဆောင်နှင့်ကြိုဆိုနှုတ်ဆက်ပွဲကျင်းပမည့်နေရာပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် ဧည့်ခံကျွေးမွေးမည့်ရိပ်သာ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှု၊ ကျွေးမွေးမည့်နေရာနှင့် အစားအသောက်ကျွေးမွေးမည့်ပုံစံနမူနာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အစားအသောက်များ ကျွေးမွေးရန်ချက်ပြုတ်ပြင်ဆင်မည့် မီးဖိုနေရာ၊ ဟင်းသီးဟင်းရွက်များနှင့် ကုန်ခြောက်များသိုလှောင်သိမ်းဆည်းထားရှိမည့် နေရာများအားလည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနေထိုင်မည့်အိပ်ဆောင် ခင်းကျင်းထားရှိမှုများအားလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး စားရိပ်သာများ အချိန်မီပြုပြင်ပြီးစီးစေရေး၊ သောက်ရေနှင့် သုံးရေလုံလောက်စွာ ရရှိစေရေးနှင့် ရေ၊ မီး သုံးစွဲမှုများ အဆင်ပြေချောမွေ့စေရေးတို့အတွက် ရေလိုင်းမီးလိုင်းများကို ပြန်လည်စစ်ဆေးသွားရန်လိုကြောင်း၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များတွင် လစ်ဟင်းမှုများမရှိစေရေးအတွက် အထူးဂရုစိုက် ဆောင်ရွက်သွားရန်လိုကြောင်း တာဝန်ရှိ သူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမသို့သွားရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့်အတူ အခမ်းအနားသို့ တက်ရောက်မည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကျင်းပမည့် ခန်းမနေရာပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆပ်ကော်မတီများအလိုက် လိုအပ်သည်များကို ပေါင်းစပ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၄ မှ အဆက် ►

အခြေအနေများအားလည်းကောင်း၊ မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန် အောက်ခံကြမ်းခင်းနှင့် ဘေးပတ်လည် ကြွေပြားအသစ်ပြန်လည်ပြုပြင်နေမှုအခြေအနေများနှင့် ရေကူးကန်အတွင်းသို့ ရေဖြည့်သွင်းနေမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် တည်ဆောက်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်၍ သတ်မှတ်ကာလအတွင်းလုပ်ငန်းများအချိန်မီပြီးစီးစေရေးနှင့် အရည်အသွေးကောင်းမွန်စေရေးတို့အတွက် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးခရိုင်၊ ဒက္ခိဏသီရိမြို့နယ်အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းကြမ်းဖောက်လုပ်ခြင်း၊ မြေသားပြေးလမ်း ခင်းကျင်းရန်အတွက် ကွင်းမြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ရေဂါလံ ၈၀၀၀၀ ဆံ့ (Ground Water Tank)တူးဖော်မည့် မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ခြံစည်းရိုးအုတ်တံတိုင်းပတ်လည် အောက်ခြေဘက်ရှိ ခြုံနွယ်များရှင်းလင်းပေးသွားရန်လိုကြောင်း၊ ရေ၊ မီးသုံးစွဲမှု အဆင်ပြေစေရေးအတွက် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျသွယ်တန်းထားရှိရေး၊ အားကစားကွင်း/အားကစားရုံများတွင် ပြည်သူများလာရောက် လေ့ကျင့်နိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

# လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများမှ အားကစားထူးချွန်သူလူငယ်များ ထွက်ပေါ်လာစေရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ ဇန်နဝါရီ ၂၂

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းများမှ အားကစားထူးချွန်သူ မျိုးဆက်သစ်လူငယ်အားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အားကစားထူးချွန်သူ လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် လူငယ်သင်တန်းကျောင်းများတွင် အားကစားနည်းအလိုက် အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးခြင်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းတက်ရောက်မည့် ခန့်မှန်းအားကစားသမား အင်အားစာရင်းနှင့် လူအရေအတွက် သိရှိစေရန်အတွက် ကွင်းဆင်း၍ သင်ကြားလေ့ကျင့်ပေးမည့် အားကစားနည်းများရွေးချယ်၍ ကြံ့ခိုင်မှုများစစ်ဆေးခြင်းများကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အဖွဲ့ချုပ်များမှလည်း နည်းပြအင်အား ခွဲဝေတာဝန်ပေးအပ်နိုင်ရန်အတွက် အမည်စာရင်းနှင့် ခန့်မှန်းအင်အားစာရင်းများကိုလည်း ကြိုတင်ပြုစုထားရှိ၍ ပြန်လည်တင်ပြထားပြီးဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ၊ အားကစားနည်းအလိုက်လိုအပ်သည့် အထောက်အကူပြုပစ္စည်းများနှင့် အားကစားကွင်း/အားကစားရုံ ပြင်ဆင်ဆောင်ရွက်မှု ကဏ္ဍများကိုလည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ အားကစားအဖွဲ့ချုပ်များနှင့် ညှိနှိုင်း၍ လိုအပ်သည်များကိုပေါင်းစပ်ပြီး ထောက်ပံ့ဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များ မွေးထုတ်ပေးနိုင်စေရန်အတွက် မိမိတို့ဝန်ကြီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် အားကစားနည်းစနစ်များကို စနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း လိုအပ်သည်များကို သက်ဆိုင်ရာ လူငယ်သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပြီးနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက သတ်မှတ်အားကစားနည်း (၁၃) နည်းအတွက် သင်ကြားလေ့ကျင့်ပေးနိုင်မည့် ကာလအပိုင်းအခြား၊ နည်းပြစေလွှတ်ပေးနိုင်ရေးကိစ္စ၊ အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များနှင့်ပတ်သက်ပြီး အသီးသီးဖြည့်စွက်ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် သင်ကြားလေ့ကျင့်ပေးမည့် သင်တန်းကာလ၊ သင်ကြားရေးအစီအစဉ် (Training Programme)နှင့် သင်ကြားလေ့ကျင့်ပေးမည့် နည်းပြများ၏ အမည်စာရင်းအားပြည့်ပြည့်စုံစုံဖြင့် စီမံချက်ရေးဆွဲ၍ ပြန်လည် တင်ပြပေးသွားရန်လိုကြောင်း၊ မျိုးဆက်သစ် လူငယ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်စေရေးအတွက် အုပ်ချုပ်ထောက်ပံ့မှု ကိစ္စရပ်များနှင့် နေထိုင်စားသောက်မှုကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ အမှန်တကယ်လုပ်ကိုင်နိုင်သည့် နည်းပြများကိုသာ တာဝန်ခွဲဝေပေးအပ်သွားရန်လိုကြောင်း တာဝန်ရှိသူများကို မှာကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း (၄၆)ကြိမ်မြောက်အာရှ အိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန်ပြည်ပထွက်ခွာ

ရန်ကုန်၊ ဇန်နဝါရီ ၂၅

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၊ တာရှ်ကင့်မြို့၌ ကျင်းပပြုလုပ်မည့် (၄၆) ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အတူ မြန်မာနိုင်ငံအိုလံကော်မတီတွဲဖက်အတွင်းရေးမှူး (၄) အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည်

စာမျက်နှာ ၁၇ သို့ ►

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးထိန်လင်း(၄၆)ကြိမ်မြောက်အာရှ အိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီးပြန်လည်ရောက်ရှိ





ရန်ကုန်၊ ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အတူ မြန်မာနိုင်ငံအိုလံကော်မတီ တွဲဖက်အတွင်းရေးမှူး (၄) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်တို့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် ဥဇဘက်ကစ္စတန်နိုင်ငံ၊ တာရှ်ကင့်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၄၆) ကြိမ်မြောက် အာရှ အိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ (၁၆:၃၀) နာရီအချိန်၌ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုခဲ့ကြကြောင်း သိရသည်။

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ ဘောလုံးကွင်း၊ မီတာ ၄၀၀ Synthetic ရာဘာပြေးလမ်း ခင်းကျင်းနေမှု၊ အားကစားရုံ (A , B)နှင့် ရေကူးကန် ပြန်လည်ပြုပြင်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ ဇန်နဝါရီ ၃၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးလျှင်အမြန် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း၊ မီတာ ၄၀၀ Synthetic ရာဘာပြေးလမ်း ခင်းကျင်းနေမှု၊ အားကစားရုံ (A, B)နှင့် ရေကူးကန် ပြန်လည်ပြုပြင်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ ဦးစွာ ဒုတိယဝန်ကြီးသည် လျှောင်အမြီး မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစား VIP အထူးတန်း ပွဲကြည့်စင်

စာမျက်နှာ ၁၈ သို့ ►

စာမျက်နှာ ၁၆ မှ အဆက် ►



ယမန်နေ့ည (၁၉:၄၅) နာရီအချိန်၌ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဥဇဘက်ကစ္စတန်နိုင်ငံ၊ တာရှ်ကင့်မြို့သို့ ထွက်ခွာသွားရာ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

# (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာ







ရန်ကုန်၊ ဇန်နဝါရီ ၁၅

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့များတွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများသည် ယနေ့နံနက် (၀၆:၀၀) နာရီအချိန်တွင် လေယာဉ်အမှတ် 8M–364 အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း MAI ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံဘန်ကောက်မြို့သို့ ထွက်ခွာခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၊ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အတူ ဖိတ်ကြားခံ(၂)ဦး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ) ဒေါက်တာ တင်မောင်လှိုင် ဦးဆောင်သည့် အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ စုစုပေါင်း အင်အား (၁၄၇) ဦးတို့ လိုက်ပါသွားခဲ့သည်။

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့တို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ အနေဖြင့် ရေကူး၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ ဘိုးလင်း၊ စစ်တုရင်၊ ဘောလုံး၊ ဂိုလ်းဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့် အလေးမစသည့် အားကစားနည်း (၁၁) နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

---

စာမျက်နှာ ၁၇ မှ အဆက် ►

မှန်အကာနံရံများနှင့် မျက်နှာကြက်ပြန်လည်တပ်ဆင် ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ဘောလုံးကွင်း၏ –2.8 Level ၊ မြေညီထပ်၊ ပထမထပ်နှင့် အထူးတန်းပွဲကြည့်စင်များ၏ Column တိုင်နှင့် Ground Beam & Tie Beam ပျက်စီးခဲ့မှုများအား ပြန်လည် ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား လည်းကောင်း၊ ပြတင်းတံခါးများ၊ Light Partition များနှင့် Tempered Glass Curtain Wall များ၊ ကြမ်းခင်း Topping နှင့် ကြွေပြားများ ခွာထုတ်၍ အသစ်ပြန်လည်တပ်ဆင်ပြီးစီးမှု အခြေအနေများအား လည်းကောင်း၊ မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းရန် အတွက် ရေမစိမ့်သည့်အလွှာခင်းကျင်း၍ Synthetic ရာဘာ ပြေးလမ်း ပြန်လည်စတင်ခင်းကျင်းနေမှုများနှင့် သတ်မှတ်ရာခိုင်နှုန်း အချိုးအစားအတိုင်း ခင်းကျင်းနိုင်ရန်အတွက် ရာဘာနှင့်ဆေးပစ္စည်း ဝယ်ယူထားရှိမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးစေရေး၊ သတ်မှတ်စံချိန်/စံညွှန်းအတိုင်း အရည်အသွေး ပြည့်မီစေရေးအတွက် အဓိကဦးစားပေး ဆောင်ရွက်ပေးသွားရန် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A နှင့် B)တို့ရှိ အားကစားရုံပတ်လည်အတွင်းဘက် အုတ်နံရံများ၊ လျှောက်လမ်းကြွေပြားများ၊ ပွဲကြည့်စင်၊ ရေလိုင်း၊ မီးလိုင်းနှင့် အဲယားကွန်း ပိုက်လိုင်းပြုပြင်ပြီးစီးမှု အခြေအနေများအားလိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားပြိုင်ပွဲများနှင့် အခမ်းအနားများကို ပြန်လည်ကျင်းပနိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး စိစစ်ကြပ်မတ်ပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိရေကူးကန်သို့ သွားရောက်၍ ပွဲကြည့်စင်အပေါ်ဘက်နံရံ၊ ပြိုင်ပွဲကန်နှင့် ဒိုင်ဗင်ကန်တို့အား ရေဖြည့်၍ ရေသန့်စင်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ ရေလိုင်းမီးလိုင်းများကောင်းမွန်စေရေး၊ ပြိုင်ပွဲကန်နှင့်လေ့ကျင့်ရေး ရေကူးကန်သို့ ရေတင်ခြင်း၊ ရေစုတ်ယူသည့် ရေပိုက်လိုင်းသွယ်တန်းထားရှိမှုများအားလည်းကောင်း၊ ရေကူးကန် ရေသန့်စင်မှုနှင့် ရေကြည်လင်မှုရှိစေရန် သတ်မှတ်အချိုးအစားအတိုင်း ဆေးခပ်ထားရှိမှု အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီးနောက် ကျောင်းပိတ်ကာလတွင် နွေရာသီ ရေကူးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အတွက် လိုအပ်သည်များကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်နှင့် ရေကူးကန်ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဂရုစိုက်ဆောင်ရွက်ပေးသွားရန်၊ အဆောက်အဦများ ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်စေရေး၊ သတ်မှတ်စံချိန်/စံညွှန်းအတိုင်း အရည်အသွေး ပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် ဝိုင်းဝန်းစိစစ်၍ ကြပ်မတ်ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး (၁၃) ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခြင်းနှင့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ အလံတင်အခမ်းအနားတက်ရောက်







ထိုင်း၊ ဇန်နဝါရီ ၁၇။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ထိုင်းနိုင်ငံ၊ နာခွန်ရစ်ချာဆီးမား (ခိုရတ်)မြို့သို့ ရောက်ရှိနေသော မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့များ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကာ ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နာခွန်ရာချာဆီးမား (ခိုရတ်)မြို့၊ Kantary Hotel Korat တွင် တည်းခိုနေထိုင်လျက်ရှိသော မြန်မာမသန်စွမ်း ဘိုစီယာအသင်းမှ အုပ်ချုပ်/နည်းပြ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးနောက် Rajmangala University of Technology ရှိ ဘောလုံးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်နေသော မြန်မာမသန်စွမ်း (၇) ယောက်တစ်ဖက် ဘောလုံးအသင်း၏အသင်းလိုက် လေ့ကျင့်နေမှုများအားလည်းကောင်း၊ Majesty the King's 80th Birthday Anniversary Commemorative Stadium အတွင်းရှိ ဘော်လီဘောရုံတွင် လေ့ကျင့်လျက်ရှိသော မြန်မာမသန်စွမ်း ထိုင်လျက်ဘော်လီဘောအသင်း၏ အသင်းလိုက် လေ့ကျင့်နေမှုများအားလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီး မိမိတို့လေ့ကျင့် ထားသည့်အတိုင်း ပြိုင်ပွဲတွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်ဓာတ်တို့ဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင် သွားကြရန်၊ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုဆုတံဆိပ်များကို ဆွတ်ခူးရယူပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများဖြစ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Majesty the King's 80th Birthday Anniversary Commemorative Stadium အတွင်းရှိ ရေကူးကန်တွင် မြန်မာနိုင်ငံမသန်စွမ်း ရေကူးအားကစားသမားများ၏ ဆေးအဆင့်သတ်မှတ်စစ်ဆေးနေမှုများအားလေ့လာကြည့်ရှုခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်လှိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ဆေးမှူးချုပ် ဒေါက်တာကျော်စိုးတို့က Suranaree University of Technology တွင် ဖွင့်လှစ်ထားသည့် Sports Village အတွင်းရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့များ၏ တည်းခိုနေထိုင်စားသောက်မှု၊ ကျန်းမာရေးအခြေအနေများနှင့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုမေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ သည်။

မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား (ခိုရတ်)မြို့များတွင် ကျင်းပပြုလုပ်မည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အလံတင်အခမ်းအနားအား THAO SURANAREE(YA MO) MONUMENT တွင် ကျင်းပရာ နိုင်ငံပေါင်း ၁၀ နိုင်ငံတို့မှ VIP များ၊ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ CDM များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အားကစားသမားများတက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် မြန်မာနိုင်ငံမှ ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ ခေါင်းဆောင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မောင်လှိုင်နှင့် အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၂၂ မှ အဆက် ►

ရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူ ပြသနိုင်ခဲ့ပါသည်။

အဆိုပါအောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းတစ်ရာတိတိအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းသိရသည်။

ကျောဖုံးမှ အဆက် ►

ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး စကားပြောကြားခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သည့် မြန်မာမသန်စွမ်း အားကစားအဖွဲ့ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်





ထိုင်း၊ ဇန်နဝါရီ ၂၀

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ဒေသစံတော်ချိန် (၇) နာရီတွင် ထိုင်းနိုင်ငံ၊ နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့ရှိ Majesty the King's 80th Birthday Anniversary Commemorative Stadium ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးဦးဆောင်သည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ၊ နိုင်ငံအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများတက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် အိမ်ရှင်ထိုင်းနိုင်ငံက ယဉ်ကျေးမှုအကအလှုများဖြင့် ဖျော်ဖြေခဲ့ပြီးနောက် အာဆီယံနိုင်ငံများမှ အားကစားအဖွဲ့များက ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် Asean Para Sports Federation(APSF) ဥက္ကဋ္ဌ Board of Governor(BoG) အတွင်းရေးမှူး Major General Osoth Bhavilai နှင့် Sports Authority of Thailand (SAT) ဥက္ကဋ္ဌ Dr.Kongsak Yodmanee တို့က အဖွင့်မိန့်ခွန်း အသီးသီးပြောကြားခြင်း၊ ထိုင်းနိုင်ငံဘုရင်ကိုယ်စား Prince Chalermsuk က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့၍ (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ ထိုင်းနိုင်ငံအလံ၊ Asean Para Sports Federation (APSF) အလံနှင့် Asean Para Games အလံတို့ကို အသီးသီး လွှင့်တင်ခဲ့ပြီး အားကစားသမားများနှင့် ဒိုင်လူကြီးများက ကတိသစ္စာ ရွတ်ဆိုခြင်းများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် အိမ်ရှင်ထိုင်းနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် မသန်စွမ်းအားကစားသမားများက မီးရှူးတိုင်အား အသီးသီး လက်ဆင့်ကမ်းသယ်ဆောင်၍ မီးရှူးတိုင်အား ထွန်းညှိခဲ့ပြီးနောက် မီးရှူးမီးပန်းများ ပစ်ဖောက်၍ (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံရှိ ဗန်ကောက်နှင့် နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့များတွင် ဇန်နဝါရီလ(၂၀) ရက်နေ့မှ (၂၆)ရက်နေ့အထိ အားကစားနည်း (၁၉)နည်းအား ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း (၁၁) နည်းတွင် အုပ်ချုပ်/နည်းပြ၊ အားကစားသမား စုစုပေါင်း (၁၄၅) ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ထိုင်လျက်ဘော်လီဘော အားကစားနည်းမှ ရွှေတံဆိပ်ဆုနှင့် ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆုများ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိပြီး ရွှေတံဆိပ်(၂၀)ခု၊ ငွေတံဆိပ် (၁၉)ခုနှင့် ကြေးတံဆိပ်(၂၀)ခုဖြင့် မြန်မာမသန်စွမ်းအားကစားအဖွဲ့နိုင်ငံအလိုက် အဆင့်(၆)နေရာ၌ ရပ်တည်






ထိုင်း၊ ဇန်နဝါရီ ၂၅

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမား (ခိုရတ်) မြို့များရှိ အားကစားကွင်း/ အားကစားရုံများ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာအသင်းအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ (၇) ယောက်တစ်ဖက်ဘောလုံး၊ ထိုင်လျက်

စာမျက်နှာ ၂၂ သို့ ▶

# (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အောင်မြင်စွာပြီးဆုံး၍ ပိတ်ပွဲအခမ်းအနားကျင်းပ





ထိုင်း ၊ ဇန်နဝါရီ ၂၆

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ည ဒေသစံတော်ချိန် ညနေ(၆)နာရီတွင် ထိုင်းနိုင်ငံ၊ နခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့ရှိ Majesty the King's 80th Birthday Anniversary Commemorative Stadium ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ နိုင်ငံအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့်

စာမျက်နှာ ၂၂ သို့ ►

စာမျက်နှာ ၂၀ မှ အဆက် ►

ဘော်လီဘော၊ (မျက်မမြင်) ဂိုးလ်ဘော၊ (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီမှ စတင်၍ ရေကူးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ (S4) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် ညီညီလင်းထက်က ရွှေတံဆိပ်၊ (SB7) အမျိုးသား မီတာ ၅၀ ရင်ဘောင်တန်းကူးပြိုင်ပွဲတွင် မင်းထူးက ငွေတံဆိပ်၊ (S6) အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်က ကြေးတံဆိပ်၊ ပြေးခုန်ပစ်အားကစားနည်းတွင် (F55) အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ (F63,F64) အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် စိန်ဖော့က ရွှေတံဆိပ်၊ နန်းဝင်းဝင်းသန်းက ငွေတံဆိပ်၊ (မျက်မမြင်)ဂိုးလ်ဘောအားကစားနည်းတွင် မြန်မာအသင်းက ကြေးတံဆိပ်၊ (မျက်မမြင်) စစ်တုရင်အားကစားနည်းတွင် (B2) အမျိုးသားအသင်းလိုက် ပွဲစဉ်၌ မောရှေ၊ လင်းထက်နောင်နှင့် မင်းသန့်စိုးတို့အတွဲက ကြေးတံဆိပ်၊ (B1) အမျိုးသားအသင်းလိုက် ပွဲစဉ်၌ ကောင်းစံ၊ မျိုးဆန်အောင်နှင့် သန့်ဇင်ဦးတို့အတွဲက ကြေးတံဆိပ်၊ ထိုင်လျက်ဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အင်ဒိုနီးရှားအသင်းအား (၃) ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်၊ (၇)ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ထိုင်းအသင်းကို (၁) ဂိုး ဂိုး (မရှိ) ဖြင့် ရှုံးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယရရှိသူများကို မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် Asean Para Sports Federation(APSF)မှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်က ပြိုင်ပွဲကာလအတွင်း ရွှေတံဆိပ်ဆုတစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀၊ ငွေတံဆိပ်ဆုတစ်ဆုလျှင် ဒေါ်လာ ၂၀၀ နှင့် ကြေးတံဆိပ်ဆု တစ်ဆုလျှင် ဒေါ်လာ ၁၀၀ တို့ကိုသတ်မှတ်ချီးမြှင့်ထားရှိရာ ဆုပေးပွဲအခမ်းအနားကျင်းပပြီးချိန်တွင် နိုင်ငံတော်ကိုယ်စား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့သည် 80th Birthday Anniversary Stadium အတွင်း မြန်မာမသန်စွမ်း ပြေးခုန်ပစ်အားကစားအဖွဲ့၊ ရေကူးအားကစားအဖွဲ့၊ သေနတ်ပစ်အားကစားအဖွဲ့နှင့် ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ Center Point Hotel Terminal 21 (Korat)တွင် စားပွဲတင်တင်းနစ်အားကစားအဖွဲ့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း၊ Vongchavalitkul University တွင်(မျက်မမြင်)ဂိုးလ်ဘော အားကစားအဖွဲ့ယှဉ်ပြိုင်ကစားနေမှုများကိုလည်းကောင်း၊ Nakhon Ratchasima Rajabhat University တွင် (မျက်မမြင်)စစ်တုရင်အားကစား အဖွဲ့နှင့် (၇)ယောက်တစ်ဖက်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မြန်မာအသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ ထိုင်လျက်ဘော်လီဘော၊ (၇)ယောက်တစ်ဖက်ဘောလုံး၊ (မျက်မမြင်)ဂိုးလ်ဘော၊ (မျက်မမြင်) စစ်တုရင်၊ သေနတ်ပစ်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ်(၄)ခု၊ ငွေတံဆိပ်(၃) ခုနှင့် ကြေးတံဆိပ် (၄) ခု ဆွတ်ခူးရရှိခဲ့သည်။

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် (၂၀)ခု၊ ငွေတံဆိပ် (၁၉)ခုနှင့် ကြေးတံဆိပ် (၂၀)ခု၊ စုစုပေါင်းဆုတံဆိပ် (၅၉)ခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့် (၆) တွင် ရပ်တည်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်များထက် (၅) ခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် မြန်မာမသန်စွမ်းအားကစားအဖွဲ့ အနေဖြင့် နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

# 13th Asean Para Games တွင် ရွှေတံဆိပ်(၂၀)ခု၊ ငွေတံဆိပ်(၁၉)ခု၊ ကြေးတံဆိပ်(၂၀)ဖြင့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ





ရန်ကုန်၊ ဇန်နဝါရီ ၂၇

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ မှ ၂၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် နခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း (၁၉) နည်းအား ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း (၁၁) နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ်ဆု (၁၁) ခု၊ ငွေတံဆိပ်ဆု (၁၅) ခု၊ ကြေးတံဆိပ်ဆု (၁၁)ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ဆု (၈) ခု၊ ငွေတံဆိပ်ဆု (၃) ခု၊ ကြေးတံဆိပ်ဆု (၃) ခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ်ဆု (၁) ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆု (၁) ခု၊ စစ်တုရင်(မျက်မမြင်) အားကစားနည်းမှ ကြေးတံဆိပ်ဆု (၃) ခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်ဆု (၁) ခု၊ အလေးမ အားကစားနည်းမှ ကြေးတံဆိပ်ဆု (၁) ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ်ဆု (၁) ခု၊ မြန်မာမသန်စွမ်း အားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု (၂၀) ခု၊ ငွေတံဆိပ်ဆု (၁၉) ခု၊ ကြေးတံဆိပ်ဆု (၂၀) ခု၊ စုစုပေါင်းဆုတံဆိပ် (၅၉) ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၆) တွင် ရပ်တည်နိုင်ခဲ့သည်။

အောင်မြင်မှုဆုတံဆိပ်များရယူ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရမြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်လှမိုးဦးဆောင်သော အားကစားအဖွဲ့သည် ယနေ့ညနေ (၁၈:၃၅) နာရီအချိန်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုးမိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေပန်းစည်းများနှင့် စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း (၁၁) နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင်(မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘောစသည့် အားကစားနည်း (၈) နည်းတို့က ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့ အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် (၅) ခု ပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှု

စာမျက်နှာ ၁၉ သို့ ►

စာမျက်နှာ ၂၁ မှ အဆက် ►

အားကစားသမားများတက်ရောက်ခဲ့သည်။

ပိတ်ပွဲအခမ်းအနားတွင် အိမ်ရှင်ထိုင်းနိုင်ငံ၏ ကွယ်လွန်သွားသော ဘုရင်မကြီးအား အောက်မေ့သတိရသောအားဖြင့် တက်ရောက်လာကြသူများက ခေတ္တငြိမ်သက်ပြီး အခမ်းအနားအားစတင်ခဲ့သည်။

ထို့နောက် ထိုင်းနိုင်ငံမှ အနုပညာရှင်များက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ပြီးနောက် ပြိုင်ပွဲဝင် အာဆီယံနိုင်ငံ (၁၀) နိုင်ငံမှ အားကစားအဖွဲ့များက မိမိတို့၏ နိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ဆက်လက်ပြီး (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ၏ အနှစ်ချုပ် Video Clip အား ပြသခြင်း၊ Governor of Sports Authority of Thailand က အဖွင့်အမှာစကားပြောကြားခြင်း၊ Asean Para Sports Federation(APSF) ဥက္ကဋ္ဌ Board of Governor အတွင်းရေးမှူးနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် (၁၄) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသို့ ပြိုင်ပွဲအထိမ်းအမှတ် အလံလွှဲပြောင်းပေးအပ်ခြင်း၊ Asean Para Sports Federation (APSF) အလံနှင့် Para Games အလံများချခြင်း၊ ၂၀၂၇ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းမည့် မလေးရှားနိုင်ငံ၏ နိုင်ငံတော်အလံအား လွှင့်တင်ခြင်းအခမ်းအနားနှင့် အိမ်ရှင်မလေးရှားနိုင်ငံ၏ ရိုးရာ ယဉ်ကျေးမှုအကအလှ ဖျော်ဖြေတင်ဆက်မှုများ၊ ပိတ်ပွဲအထိမ်းအမှတ် ဖျော်ဖြေတင်ဆက်မှုများပြုလုပ်ခဲ့ပြီး ရောင်စုံမီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် အားကစားနည်း (၁၁) နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် (၂၀) ခု၊ ငွေတံဆိပ် (၁၉) နှင့် ကြေးတံဆိပ်(၂၀) စုစုပေါင်း ဆုတံဆိပ် (၅၉) ခုဖြင့် နိုင်ငံအလိုက် အဆင့် (၆) တွင် ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

# Sport Sustainable Development အားကစား ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေး အကြံပြုချက်များ အပိုင်း(၄)

ရဲလွင်အောင်(YU)

ပြီးခဲ့တဲ့လ ဆောင်းပါးတွင် အားကစားအဖွဲ့ချုပ်မှာ တွဲဖက်တာဝန် ထမ်းဆောင်နေသော HR များအကြောင်း အကြံပြုရေး သားခဲ့ပါတယ်။ အခု ကျွန်တော့်တာဝန်အရ 33rd SEA Games သတင်းပြန်ကြားရေးတာဝန်ဖြင့်လိုက်ပါဖို့ အမည်စာရင်း ပါသော်လည်း အဆိုပါပြိုင်ပွဲကာလနှင့် ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲ ကျင်းပမည့် ကာလများနှင့် တိုက်ဆိုင်နေ၍ လိုက်ပါခွင့်မရခဲ့။ ဇန်နဝါရီလ ၂၀-၁-၂၀၂၆ ရက်နေ့မှ ၂၆-၁-၂၀၂၆ ရက်နေ့ထိ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစား ပြိုင်ပွဲကိုတော့ လိုက်ပါခွင့်ရသည်။

လိုက်ပါခွင့်ရတော့ အဆိုပါ အားကစားအဖွဲ့တစ်ဖွဲ့လုံးအတွက် နိုင်ငံကူးလက်မှတ်များ တာဝန်ခံ ထုတ်ပေးပြီး ၁၃-၁-၂၀၂၆ ရက်နေ့ နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာရန် ဌာနမှခွင့်ပြုပြီး မသန်စွမ်း အားကစားအဖွဲ့အတွက် လေယာဉ်စရိတ်၊ ဟိုတယ် တည်းခိုစရိတ် နိုင်ငံခြားငွေ US များသော်လည်း တစ်လက်စတည်း ထုတ်ပြီးမှလာဖို့ မသန်စွမ်းအဖွဲ့ချုပ်မှ အကူအညီတောင်းမှု အရ ၁၄-၁-၂၀၂၆ ရက်နေ့ (၃:၀၀ PM) နာရီဝန်းကျင်မှ နိုင်ငံခြားငွေ ထုတ်ပြီး နေပြည်တော်မှ ဌာနအဆောင်အယောင် ကားလေးဖြင့် ထွက်ခွါခဲ့သည်။ အမြန်လမ်းတစ်လျှောက်ဦးစီးဌာနနှင့် ဝန်ကြီးရုံးမှ တာဝန်ရှိသူတို့က ဘယ်ရောက် နေပြီလည်းမေး၍ တစ်နာရီ တစ်ကြိမ်ခန့် ဆက်သွယ် မေးမြန်း၍ Report Back ကို ရန်ကုန် ရောက်သည်အထိ သတင်းပို့ရင်း (၈:၃၀ PM)နာရီခန့်မှ ရန်ကုန် အိမ်ရောက်တော့သည်။ ရန်ကုန်လေဆိပ်မှ ထွက်ခွာမည့် Departure time က နောက်နေ့ မနက် (၆:၀၀)နာရီပါ။

အားလုံးသိကြသည့်အတိုင်း မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် (၂၀)ခုရယူခဲ့ရာမှာ အိုလံပစ်အားကစားနည်းများအနက် ရွှေတံဆိပ်အများဆုံး ရရှိနိုင်သော ရေကူးနှင့် ပြေးခုန်ပစ် အားကစား နည်းတို့မှ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အိမ်ရှင်၏ ဘောင်ထဲက ညစ်မှု ကြောင့် ရေကူးအားကစား Event နှစ်ခု ဝင်ပြိုင်ခွင့် မရ၍ Color ဝင်နိုင်သည့် Event များမှ ဆုတံဆိပ်နှစ်ခု နစ်နာသွားသည်ကို ကိုယ်တိုင်ကြုံတွေ့ရမှုကို message ပေးချင်မိပါသည်။

ဖြစ်ပုံမှာ ပြိုင်ပွဲကျင်းပရေးအဖွဲ့က နံနက်(၉:၀၀)နာရီကျင်းပမည့် ပြိုင်ပွဲကို နောက်သို့ (၁:၀၀)နာရီခန့် နောက်ဆုတ်ကျင်းပကြောင်း ကြေညာထားသည်။ သို့သော် သတင်းပို့ရမည့် အချိန်မှာ နာရီဝက်ခန့် ကြိုတင်သတင်းပို့ရမည်ဟု မူလကတည်းက သတ်မှတ်ထားရာ သက်ဆိုင်ရာ ရေကူးအားကစားနည်းပြက နောက်ဆုတ်မည့် အချိန်ထက် နာရီဝက်ခန့်စောကာ သတင်းပို့သော်လည်း ပြိုင်ပွဲ ကျင်းပရေးဘက်က ယခင်သတ်မှတ်ချိန်ထက် နာရီဝက်ခန့်စောပြီး သတင်းပို့ရမည် ဖြစ်ကြောင်း၊ ထိုအကြောင်းပြချက်အပြင် နည်းပြ သတင်းပို့သည့်အချိန်ကိုသာ ထောက်ပြသည်ဟု ပြော၍ အမှန် မိမိတို့ ကစားသမားများမှာ ရေကူးကန်သို့ နံနက်(၇:၃၀)နာရီခန့်ကပင် ရောက်ရှိနေပြီ ဖြစ်သည်။ မြန်မာအဖွဲ့က စောဒကတက်သော်လည်း ပထမတော့ ပြိုင်လို့ရသယောင်ပြောပြီး အမှန်တကယ် ပြိုင်မည့် လူစာရင်းကြေညာသည့်အခါမှာတော့ အမည်မပါ၍ မပြိုင်လိုက်ရပါ။ ဘာပြောပြော သက်ဆိုင်ရာ နည်းပြအပါအဝင် အဖွဲ့ချုပ်မှ ပြောဆို ခွင့်ရှိသူများ စုပေါင်း၍ ချက်နှင့်လက်နှင့် စောဒကတက် သင့်သည် ဟု မိမိစိတ်ထဲ ခံစားခဲ့ရသည်။

နည်းပြများအနေဖြင့် မိမိအားကစားသမား ယှဉ်ပြိုင်ခွင့်မရ၍ နစ်နာမှုအပေါ် ပြိုင်ပွဲဝင်ခွင့်ရရှိရေး ထိရောက်စွာခုခံချေပရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ နည်းပြများက အလားတူ ပြဿနာမျိုး ပေါ်ပေါက်ကြုံကြိုက်ပါက မည်သို့မည်ပုံ စောဒကတက် ပြောဆိုရမည်ကို ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ နိုင်ငံတကာ သုံး အင်္ဂလိပ်စကားနှင့် ထိထိရောက်ရောက်ပြောနိုင်ဖို့ လိုအပ်သည်။ အဆိုပါ ပြိုင်ပွဲတွင် မသန်စွမ်းရေကူးအားကစားသမားလေးများမှာ ပြိုင်ရမလား၊ မပြိုင်ရလားမသိသော ပဟေဠိမျက်နှာလေးကို ကျွန်တော့ မျက်စိထဲ စွဲထင်လျက် များစွာစိတ်မကောင်းဖြစ်မိ ပါကြောင်း...

**အားကစားမြှင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

**အားကစားမြှင့်တင်ခြင်းသည်**

**နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်**

**အားကစားအမျိုးအစား (၄) မျိုး**

၁။ Competitive Sport - ယှဉ်ပြိုင်အားကစား
၂။ Leisure Sport - အပန်းဖြေအားကစား
၃။ Traditional Sport - ရိုးရာအားကစား (ခြင်းလုံး၊ သိုင်း၊ လက်ဝှေ့၊ နပန်း၊ ကျွင်း၊ ထုပ်ဆီးတိုး)
၄။ Mass Sport - လူထုအားကစား

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ၂၀၂၅ ခုနှစ် အာရှယူ-၁၇ ခြေစစ်ပွဲများတွင် အောင်မြင်မှုများရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားယူ-၁၇ အသင်းနှင့် အမျိုးသမီးယူ-၁၇အသင်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်






ရန်ကုန်၊ ဇန်နဝါရီ ၃၁

၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် အာရှယူ-၁၇ ခြေစစ်ပွဲများတွင် အောင်မြင်ခဲ့သော မြန်မာ့လက်ရွေးစင်အမျိုးသား ယူ-၁၇ အသင်းနှင့်အမျိုးသမီး ယူ-၁၇ အသင်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ ပြည်လမ်း၊ Novotel Hotel Max ရှိ ပုသိမ်ခန်းမ (မြေညီထပ်)၌ ကျင်းပပြုလုပ်ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) လူမှုအကျိုးပြုကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ချုပ်အမှုဆောင်များ၊ ကလပ်အသင်းပိုင်ရှင်များ၊ အလှူရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ယူ-၁၇ အမျိုးသား/အမျိုးသမီး လက်ရွေးစင် အားကစားသမားများ တက်ရောက်ခဲ့သည်။

ဦးစွာ ဂုဏ်ပြုပွဲတွင် ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် အာရှယူ-၁၇ ခြေစစ်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့မှု ဗီဒီယိုရုပ်သံအားကြည့်ရှု အားပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့လက်ရွေးစင် အသက် (၁၇) နှစ်အောက် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် အုပ်ချုပ်/နည်းပြများ၏ သင်ကြားပြသမှုများကို လိုက်နာပြီး ပြိုင်ဘက်အသင်းများနှင့် ယှဉ်ပြိုင်ကစားရာတွင် မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည့်အတွက် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပြီး အောင်မြင်မှုများကို ရရှိခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်တွင်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနှစ် (၂၀) ကြာတွင် ယခု ၂၀၂၅ ခုနှစ်တွင် ပြန်လည်၍ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နောင်လာမည့် အာရှဖလား နောက်ဆုံးအဆင့်ပြိုင်ပွဲတွင်လည်း အောင်မြင်မှုများရရှိပြီး ကမ္ဘာ့အဆင့် အသက် (၁၇) နှစ်အောက် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံ့ဂုဏ်ကို ပိုမိုမြှင့်တင်နိုင်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌမှ ချီးမြှင့်သော ဂုဏ်ပြုဆုငွေ ကျပ်သိန်း (၁၀၀၀) အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကပေးအပ်ရာ အသက် (၁၇) နှစ်အောက် မြန်မာ့လက်ရွေးစင်အမျိုးသားနှင့် အမျိုးသမီး ဘောလုံးအသင်းတို့က လက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အလှူရှင်များမှ အာရှယူ-၁၇ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် အသက် (၁၇) နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသားနှင့်အမျိုးသမီး ဘောလုံးအသင်းတို့အား ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းတို့မှ လက်ခံရယူခဲ့ပါသည်။

ယင်းနောက် အလှူရှင်များမှ အသက်(၁၇)နှစ်အောက် အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ် သိန်း (၃၅၀၀) နှင့် အသက် (၁၇) နှစ်အောက် အမျိုးသား လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ်သိန်း (၅၅၀၀) တို့အား မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်စံပယ်ကြည်တို့မှ ချီးမြှင့်ပေးအပ်ရာ အာရှယူ-၁၇ ခြေစစ်ပွဲအောင်မြင်ခဲ့သော အသက် (၁၇) နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသမီးဘောလုံးအသင်းတို့မှ အားကစားသမားများက လက်ခံရယူခဲ့ပါသည်။

ထို့နောက် အသက် (၁၇) နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း(ကိုယ်စား) အားကစားသမား အယ်အယ်ဆိုင်းထွယ်နန်းနှင့် အသက်(၁၇)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း(ကိုယ်စား) အသင်းခေါင်းဆောင် အောင်သီဟတို့မှ ကျေးဇူးတင်စကား ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်

စာမျက်နှာ ၁၉ သို့ ►